## <u>ကောင်စစ်ဆိုင်ရာကိစ္စရပ်များအား စာတိုက်မှတစ်ဆင့် ပေးပို့ဆောင်ရွက်ခြင်း</u>

- ကောင်စစ်ဆိုင်ရာကိစ္စရပ်များအား စာတိုက်မှတစ်ဆင့် ပေးပို့ဆောင်ရွက်သူများ အနေဖြင့် ကောင်စစ်ဆိုင်ရာကိစ္စရပ်များအား သံရုံးမှ လုပ်ဆောင်ပြီးပါက ပြန်လည်ပေးပို့ နိုင်ရန် အပြန်စာအိတ်အား လျှောက်လွှာ နှင့်အတူ ပူးတွဲ ပေးပို့ရန် လိုအပ်ပါသည်။
- လိပ်စာများယွင်းခြင်း မရှိစေရန် အပြန်စာအိတ်ပေါ်တွင် မိမိ၏အမည်၊ နေရပ်လိပ်စာ၊ စာတိုက်အမှတ်များကို ပြည့်စုံစွာ ဖြည့်စွက်ပေးရန် လိုအပ်ပါသည်။
- ပျောက်ဆုံးခြင်း မရှိစေဘဲ ပြန်လည် ပေးပို့နိုင်ရန် နှင့် ပေးပို့လိုက်သည့် စာ မည်သည့် အခြေအနေ သို့ ရောက်ရှိနေသည်ကို သိရှိနိုင်ရန် အတွက် သံရုံးမှ စာတိုက်တွင် မှတ်ပုံတင်ပြီး ပြန်လည် ပေးပို့ပေးမည် ဖြစ်ပါသည်။
- စာတိုက်မှတဆင့် ပေးပို့ ဆောင်ရွက်သူများသည် အလေးချိန် တွက်ချက်ရန် မလိုဘဲ ဂျပန် တစ်နိုင်ငံလုံး မည်သည့် နေရာမဆို ပေးပို့နိုင်ပြီး စာပို့သူမှ ပိုင်ရှင်လက်ထဲ အရောက်ပို့ပေးသည့် စနစ် ပါဝင်သည့် ဂျပန် စာတိုက်များတွင် အလွယ်တစ်ကူ ဝယ်ယူနိုင်သောယန်း ၅၀၀ တန်ဖိုးရှိ EXPACK 500 စာအိတ် တစ်လုံးအား နေရပ်လိပ်စာ အပြည့်အစုံ ဖြည့်စွက် ရေးသားပြီး လျှောက်လွှာများ နှင့် အတူ သံရုံးသို့ မဖြစ်မနေ ပေးပို့ သွားရန် ဖြစ်ပါသည်။